# အဝေးရောက်သင်ကြားရေးတက္ကသိုလ်

# Full Remote Academy

# မိဘများသိရှိရန် အချက်အလက်

[မည်သည့်ဝန်ဆောင်မှုများကို *အဝေးရောက်သင်ကြားရေး တက္ကသိုလ်မှ* ပေးသနည်း။](#)
[အဝေးရောက်သင်ကြားရေး တက္ကသိုလ်တွင် ကျွန်ုပ်၏ကလေးကို မည်သို့ ကျောင်းလျှောက်ထားနိုင်သနည်း။](#)
[ကျွန်ုပ်၏ကလေးသည် သူတို့၏ ယခုလက်ရှိ](#)
[တက်ရောက်နေသော ကျောင်း၏ တစိတ်တဒေသဖြစ်နိုင်ပါသေးသလား။](#)
[ကျွန်ုပ်ကလေး၏ တစ်နေ့တာသည် မည်သို့ဖြစ်မည်နည်း။](#)
[မည်သူက ကျွန်ုပ်၏ကလေးကို သင်ကြားပေးမည်နည်း။](#)
[အဝေးရောက်သင်ကြားရေး တက္ကသိုလ်သည် အခြားသော သင်ကြားမှုပုံစံများနှင့် မည်သို့ကွာခြားသနည်း။](#)
[ဤကျောင်းသည် ကျွန်ုပ်၏ ကလေးနှင့် သင့်တော်ကြောင်း မည်သို့သိရှိနိုင်မည်နည်း။](#) (EC, ESL, & TDနှင့် ပတ်သတ်သော အချက်အလက်များ ပါဝင်သည်)
[ဤနှစ်အတွင်း အပြောင်းအလဲတစ်စုံတစ်ရာ ရှိခဲ့လျှင် အိမ်တွင်သင်ကြားခြင်း သို့မဟုတ် တခြားရွေးချယ်ထားသော ကျောင်းသို့ ပြောင်းရွှေ့သင်ကြားနိုင်သလား။](#) [ဤအရာသည် အနာဂတ်တွင် ရွေးချယ်စရာတခု ဖြစ်လာနိုင်ပါသလား။](#)
[ကျွန်ုပ်၏ကလေးကို Magnet သင်တန်းတွင် ထားရှိပါက အခြေအနေ မည်သို့ရှိမည်နည်း။](#)

## မည်သည့်ဝန်ဆောင်မှုများကို *အဝေးရောက်သင်ကြားရေး တက္ကသိုလ်မှ* ပေးသနည်း။

- ကျောင်းသားများသည် တင်းကျပ်သော အချိတ်အဆက်ရှိသည့် သင်ရိုးညွှန်းတမ်းများနှင့် ပို့ချချက်များကို အိမ်မှပင် အပြည့်အဝ သင်ယူရရှိနိုင်မည်ဖြစ်သည်။
- အဝေးရောက်သင်ကြားရေးတက္ကသိုလ်မှ သင်ကြားပေးနေသော သင်ရိုးညွှန်းတမ်းသည် ကျွန်ုပ်တို့ကျောင်းသားများကို လူကိုယ်တိုင်သင်ကြားပို့ချပေးခဲ့သော သင်ရိုးညွှန်းတမ်းနှင့် အတူတူပင်ဖြစ်သည်။
- "အဝေးရောက်သင်ကြားခြင်း" နှင့် "ရုပ်ပြသင်ကြားခြင်း" - ရုပ်ပြသင်ကြားခြင်းသည် ကျောင်းတွင်သာ သင်ကြားနိုင်သည်။ နှိုင်းယှဉ်ကြည့်ပါက "အဝေးရောက်"သင်ကြားခြင်းတွင် ကျောင်းသားများသည် သင်ယူလေ့လာခြင်းပြုလုပ်နိုင်ရန် ကျောင်းသို့ လာရောက်စရာ မလိုပါ။

## အဝေးရောက်သင်ကြားရေး တက္ကသိုလ်တွင် ကျွန်ုပ်၏ကလေးကို မည်သို့ ကျောင်းလျှောက်ထားနိုင်သနည်း။

- CMS website နှင့် CMS လူမှုကွန်ရက်ရှိ ကြော်ငြာချက်များမှ တဆင့် ဝင်ရောက် စာရင်းသွင်းလျှောက်ထားနိုင်ပါသည်။
- စာရင်းသွင်းမှုများကို ဇူလိုင်လ ၁၇ ရက် (သောကြာနေ့) တွင် စတင်ပြုလုပ်နိုင်ပြီး ဇူလိုင်လ ၂၆ ရက် (တနင်္ဂနွေနေ့) ည ၁၁ နာရီ ၅၉ မိနစ်တွင် စာရင်းပိတ်မည်ဖြစ်သည်။
- ကျောင်းသားများသည် CMS ကျောင်းသို့ စာရင်းမသွင်းမီ အဝေးရောက်သင်ကြားခြင်းတက္ကသိုလ်တွင် စာရင်းသွင်းလျှောက်ထားပြီး ဖြစ်ရမည်။

**ကျွန်ုပ်၏ကလေးသည် သူတို့၏ ယခုလက်ရှိ တက်ရောက်နေသော ကျောင်း၏ တစိတ်တဒေသဖြစ်နိုင်ပါသေးသလား။**

- ဟုတ်ကဲ့။ သင့်ကလေးသည် ယခုလက်ရှိ ကျောင်းတွင် ဆက်လက်တက်ရောက်နိုင်ပါသေးသည်။ ဤအခွင့်အရေး၏ အကျိုးရလဒ်များကို ရယူနိုင်ရန် သင့်ကလေး၏ ယခင်မှတ်ပုံတင်ထားခြင်းကို ဖယ်ရှားလိုက်ရန် မလိုအပ်ပါ။

**ကျွန်ုပ်ကလေး၏ တစ်နေ့တာသည် မည်သို့ဖြစ်မည်နည်း။**

- သင့်ကလေးသည် နေ့စဉ်ပုံသေအချိန်ဇယားနှင့် *တစ်ပြိုင်နက်သင်ယူခြင်းစနစ်*ဖြင့် သင်ကြားစေမည်ဖြစ်သလို သင့်မိသားစုနှင့် အဆင်ပြေနိုင်မည့် အချိန်ဇယားနှင့် *မတူညီသောအချိန်များတွင် ပြုလုပ်ရမည့် လုပ်ဆောင်ချက်များ*ဖြင့် သင်ကြားစေမည်ဖြစ်သည်။
    - **<u>တစ်ပြိုင်နက်သင်ယူခြင်းစနစ်သည်</u>** <u>ဆရာ၊ ဆရာမမှ တိုက်ရိုက်လမ်းညွှန်သင်ကြားပေးခြင်းဖြစ်သည်။</u> ဆရာ၊ ဆရာမနှင့် တိုက်ရိုက်သင်ကြားခြင်းသည် ခန့်မှန်းခြေအားဖြင့် သင့်ကလေး တစ်နေ့တာ၏ ၃၀-၄၀% (၂နာရီဝန်းကျင်)အထိ အချိန်ယူမည်ဖြစ်ပြီး ဆက်ဆံရေးတည်ဆောက်ခြင်း၊ သက်တူရွယ်တူများနှင့် ပြောဆိုဆက်ဆံနိုင်ရန် အခွင့်အရေးများနှင့် အသစ်သင်ယူလေ့လာခြင်း၊ နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အထောက်အပံ့များကို အထူးအလေးပေးသည်။

- **<u>တစ်ပြိုင်နက်သင်ယူခြင်းစနစ်</u>**<u>တွင် အောက်တွင် ဖော်ပြထားသော အချက်အလက်များ စုပေါင်းပါဝင်ပြီး သင့်မိသားစုနှင့် အဆင်ပြေနိုင်သည့် အချိန်ဇယားဖြင့် တစ်နေ့အတွင်း ပြီးစီးနိုင်သည်။</u>

  ဤအချက်အလက်များကို အသက်အရွယ်မရွေး ကျောင်းသားများအားလုံးအတွက် သင့်တော်သော ဖွံ့ဖြိုးမှုဆိုင်ရာ နည်းလမ်းများဖြင့် ပြုလုပ်ပေးမည်ဖြစ်သည်။
  မတူညီသောအချိန်များတွင် လေ့လာသင်ယူခြင်းသည် ခန့်မှန်းခြေအားဖြင့် သင့်ကလေး တစ်နေ့တာ၏ ၆၀-၇၀% (၄နာရီဝန်းကျင်) အထိ အချိန်ယူသင်ကြားပေးမည်ဖြစ်သည်။
  မတူညီသောအချိန်များတွင် လေ့လာသင်ယူခြင်း အခွင့်အရေးတွင်:
    - သင့်ကလေး၏ ဆရာမ သို့မဟုတ် CMS ပါရဂူများမှ ပေးသော လမ်းညွှန်သင်ကြားချက်များကို အသံသွင်းမှတ်သားထားခြင်း၊
    - ကျွမ်းကျင်မှုများ သို့မဟုတ် အသိပညာ သို့မဟုတ် လေ့ကျင့်မှုနှင့် ပိုမိုကောင်းမွန်စွာ လေ့လာသင်ယူခြင်းများပြုလုပ်နိုင်ရန် တာဝန်ပေးထားသော လုပ်ဆောင်ချက်များ (ဒီဂျစ်တယ် သို့မဟုတ် လက်တွေ့)
    - စာဖတ်ခြင်း (တာဝန်ပေးထားသော စာဖတ်ခြင်းနှင့် ကိုယ်တိုင်စိတ်ကြိုက်စာဖတ်ရှုခြင်း)

**မည်သူက ကျွန်ုပ်၏ကလေးကို သင်ကြားပေးမည်နည်း။**

- K-8 အတန်းတွင် အဝေးရောက်သင်ကြားခြင်း တက္ကသိုလ်မှ ဆရာ၊ ဆရာမများက သေချာတာဝန်ယူသင်ကြားပေးမည်ဖြစ်ပြီး သူတို့၏ အဓိကတာဝန်မှာ သင်၏ကလေးအား လမ်းညွှန်သင်ကြားပေးခြင်းပင် ဖြစ်သည်။
- များသောအားဖြင့် သင့်ကလေး၏ ဆရာမသည် ယခုလက်ရှိတက်ရောက်နေသော ကျောင်းမှ ဆရာ၊ ဆရာမပင် ဖြစ်လိမ့်မည်။
- အကယ်၍ သင့်ကလေး၏ ကျောင်း/အတန်းမှ ကျောင်းသားအနည်းငယ်သာ တက်ရောက်ရန် လျှောက်ထားပါက သင့်ကလေးသည် အခြားကျောင်းမှ ဆရာ၊ ဆရာမနှင့် သင်ကြားရမည်ဖြစ်သည်။ သင့်ကလေးသည် ယခုလက်ရှိတက်ရောက်နေသော ကျောင်းတွင်လည်း ဆက်လက်စာရင်းဝင်နေမည်ဖြစ်သည် - ကလေးများသည် သူတို့ကို တာဝန်ယူသင်ကြားပေးမည့် ဆရာ၊ ဆရာမများနှင့် ချိတ်ဆက်နိုင်ရန်သာ ထပ်မံလျှောက်ထားရခြင်းဖြစ်သည်။
- အကယ်၍ သင့်ကလေးသည် သူ၏ အတန်း/ကျောင်းမှ အဝေးရောက်သင်ကြားခြင်းတက္ကသိုလ်သို့ တက်ရောက်မည့် တစ်ဦးတည်းသော ကျောင်းသားဖြစ်နေခြင်း စသော ကြုံခဲသောကိစ္စမှအပ သင့်ကလေးသည် လက်ရှိတက်ရောက်နေသောကျောင်းမှ အတန်းဖော်များနှင့်အတူသာ အမြဲတက်ရောက်သင်ယူရမ မည်ဖြစ်သည်။ အကယ်၍ ယခုလို ကိစ္စမျိုးဖြစ်ပွားခဲ့လျှင် သင့်ကလေး၏ ဆရာ၊ ဆရာမက ကလေးများကို နွေးထွေးစွာ ကြိုဆိုခြင်းနှင့် ပါဝင်နိုင်ခြင်းကို ခံစားမိစေရန် သူနှင့် ကလေးကြားရှိ ဆက်ဆံရေးကို ကောင်းမွန်စွာ တည်ဆောက်မည်ဖြစ်သည်။

***အဝေးရောက်သင်ကြားရေး တက္ကသိုလ်သည်*** **အခြားသော သင်ကြားမှုပုံစံများနှင့် မည်သို့ကွာခြားသနည်း။**

- **အဝေးရောက်သင်ကြားခြင်းတက္ကသိုလ်သည် အခြားအရပ်ဒေသမှ ပုံစံများအားလုံး၏ အကြောင်းအရာ၊**

**လမ်းညွှန်ပြသချက်၊ နှင့် ချင့်ချိန်ဆုံးဖြတ်ခြင်းများနှင့် အပြည့်အဝ ချိတ်ဆက်ထားသည်။**

- **ကျန်ရစ်သော နေရာဒေသများသည် ပုံစံ A, B, C အကြား ပြောင်းလဲမှုများရှိနိုင်သော်လည်း အဝေးရောက်သင်ကြားခြင်းတက္ကသိုလ်သည် အဝေးမှ သင်ကြားခြင်းကိုသာ ဆက်လက်ပြုလုပ်မည်ဖြစ်သည်။**

**ကျောင်းသည် ကျွန်ုပ်၏ ကလေးနှင့် သင့်တော်ကြောင်း မည်သို့သိရှိနိုင်မည်နည်း။**

- သင့်မိသားစု၏ ကျန်းမာရေးနှင့် တစ်ဦးချင်း တိုးတက်လာမှုများကို သုံးသပ်ပါ။
- သင့်ကလေး၏ လူမှုဆက်ဆံရေးဆိုင်ရာ လိုအပ်ချက်များ၊ လေ့လာသင်ယူမှု ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေထိုင်နိုင်မှု၊ သည်းခံနိုင်မှု နှင့် သင်ကြားနေချိန်အတွင်း အာရုံစိုက်နိုင်မှု ဆိုသည်မှာ အဘယ်နည်း။
- ဤဒေသတွင် သင့်ကလေး၏ လိုအပ်မှုများပေါ် မူတည်ပြီး ဖြစ်နိုင်ခြေရှိသော ကူညီထောက်ပံ့မှုများ ရရှိရန် သင့်ကလေး၏ ဆရာ၊ဆရာမ၊ ပညာရေးပံ့ပိုးသူ၊ နှင့် ထူးခြားသော ကလေးများ (EC)၊ ဒုတိယဘာသာစကားအဖြစ် အင်္ဂလိပ်စာ (ESL)၊ နှင့် ပင်ကိုစွမ်းရည်ဖွံ့ဖြိုးမှု (TD) အသင်းများအကြား တင်းကျပ်သော ပူးပေါင်းဆောင်ရွက်မှုဖြင့် သင်ကြားပေးမည်ဖြစ်သည်။ ဥပမာအနေဖြင့်-

  EC အရင်းအမြစ် ဝန်ဆောင်မှုကို ရရှိသော ကျောင်းသားတစ်ယောက်သည် သူတို့၏ IEP ရည်မှန်းချက်များပေါ် မူတည်ပြီး မည့်သည့် ဖော်ပြပါ နည်းလမ်းများနှင့်မဆို ဝန်ဆောင်မှုများကို ခံစားရရှိနိုင်သည်-

  - IEP ထဲတွင် သတ်မှတ်ထားသော နေရာအတွက် သေးငယ်သော အဖွဲ့အဖြစ် ခွဲပေးမည့် EC ဆရာ၊ ဆရာမ၊
  - အပိုထပ်ဆောင်းကူညီပေးခြင်းကို ပြုလုပ်ပေးနိုင်ရန် ပညာရေးဆိုင်ရာ ဆရာ၊ ဆရာမများနှင့် တစ်ပြိုင်နက် သင်ကြားပို့ချပေးမည့် EC ဆရာ၊ ဆရာမ၊
  - သင့်ကလေး၏ ရည်မှန်းချက်သို့ ရောက်အောင် လေ့ကျင့်မှုများ အထပ်ထပ်ပြုလုပ်နိုင်ရန် ပိုမိုကောင်းမွန်သော သို့မဟုတ် မတူညီသော အချိန်များတွင် သင်ကြားပေးသော အလှည့်ကျ သင်ကြားပို့ချပေးမည့် EC ဆရာ၊ ဆရာမ။

- အကယ်၍ ဤကျောင်းသည် သင်နှင့် သင့်ကလေးအတွက် သင့်တော်ကြောင်း မသေချာပါက သင့်ကလေး၏ လက်ရှိတက်ရောက်နေသောကျောင်းတွင်သာ ဆက်လက်တက်ရောက်စေပြီး အရင်သင်ကြားခဲ့သော ဆရာ၊ ဆရာမ၊ အကြံပေး၊ အုပ်ချုပ်ရေးမှူး၊ သို့မဟုတ် သင့်ကလေးနှင့် အနီးကပ်နေထိုင်ဖူးသော သူများထံမှ အကြံညဏ်တောင်းခြင်းများ ပြုလုပ်ရန် အကြံပြုပါသည်။

**အကယ်၍ စာသင်နှစ်အတွင်း အပြောင်းအလဲ တစ်စုံတစ်ခု ဖြစ်ခဲ့သော် အဝေးရောက်သင်ကြားခြင်းတက္ကသိုလ်မှ ထွက်၍ လူကိုယ်တိုင် တိုက်ရိုက်သင်ကြားပေးသောသင်တန်းသို့ ပြန်လည်တက်ရောက်နိုင်ပါသလား။**

- ဟုတ်ကဲ့။ အကယ်၍ စာသင်နှစ်အတွင်း အပြောင်းအလဲ တစ်စုံတစ်ခု ဖြစ်ခဲ့သော် ကျောင်းသားများသည် အဝေးရောက်သင်ကြားခြင်းတက္ကသိုလ်မှ မိမိအိမ်တွင်သင်ကြားခြင်း သို့မဟုတ် အခြားရွေးချယ်ထားသောကျောင်းဖြင့် လူကိုယ်တိုင် တိုက်ရိုက်သင်ကြားပေးသောသင်တန်းများသို့ ပြန်လည်ပြောင်းရွှေ့သင်ယူနိုင်သည်။ ထို့နည်းတူ စာသင်နှစ်အတွင်း ကျောင်းသားသည် လူကိုယ်တိုင် တိုက်ရိုက်သင်ကြားပေးသော သင်တန်းမှ အဝေးရောက်သင်ယူခြင်းတက္ကသိုလ်သို့ ပြောင်းရွှေ့သင်ယူလိုလျှင်လည်း ပြောင်းရွှေ့နိုင်သည်။ မည်သည့်ပြောင်းရွှေ့သင်ယူခြင်းများကိုမဆို စာသင်နှစ်တစ်ဝက်၊ ပထမနှစ်ဝက်အဆုံး (ဒီဇင်ဘာ ၂၁) အထိ ပြုလုပ်ခွင့်ရှိသည်။ ကျောင်းသားများနှင့် ကျောင်းများ အဆင်ပြေချောမွေ့စွာ ပြောင်းရွှေ့သင်ယူခြင်းများ ပြုလုပ်နိုင်စေရန် လုပ်ဆောင်ချက်များကို အဆင့်ဆင့် ဆွေးနွေးသွားနိုင်သည်။
- လမ်းညွှန်သင်ကြားမှုများသည် လူကိုယ်တိုင်သင်ကြားခြင်းစနစ်နှင့်သော်လည်းကောင်း၊ နှစ်မျိုးစပ်သင်ကြားခြင်းစနစ်နှင့်သော်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်ထားသည့်အတွက် သင့်ကလေးသည် စာသင်ခြင်းအား အနှောင့်အယှက်မရှိ ကောင်းမွန်စွာ သင်ယူနိုင်မည်ဖြစ်သည်။
- စာသင်နှစ်ကုန်ဆုံးသွားချိန်တွင် သင့်ကလေးသည် လက်ရှိတက်ရောက်နေသောကျောင်း (အိမ်တွင်သင်ကြားခြင်းဖြစ်စေ၊ အခြားရွေးချယ်ထားသောကျောင်းဖြစ်စေ) သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

**ဤအရာသည် အနာဂတ်တွင် ရွေးချယ်စရာတခု ဖြစ်လာနိုင်ပါသလား။**

- ဤစနစ်သည် မိသားစုများက ကျန်းမာရေးဆိုင်ရာ ရွေးချယ်စရာတစ်ခုကို လိုချင်သည် ဆိုသော အသိတရားပေါ် မူတည်ပြီး ရွေးချယ်ထားခြင်းဖြစ်သည်။ Covid-19 အန္တရာယ်မှ ဖြတ်ကျော်လာနိုင်သော အချိန်တွင် ကျွန်ုပ်တို့သည် "ကျောင်းအတွင်းမှ ကျောင်း" ဟူသောမူကို ကျင့်သုံးနိုင်ခွင့် လျော့နည်းသွားမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့၏ ဆောင်ရွက်မှုများသည် နောက်နှစ်သို့ ရောက်ရှိသွားလျှင် Virtual Magnet သည် အတန်းအငယ်များအတွက် လက်ရှိ CMS သရုပ်ပြအထက်တန်းကျောင်းများ၏ အခြေခံမှုများနှင့် တူညီစွာ ချမှတ်ပေးသကဲ့သို့ရှိမည်။ ကျွန်ုပ်တို့သည် မိသားစုများနှင့် ကျောင်းများမှ တစ်နှစ်အတွက် အကြံပြုချက်များကို သိရှိနိုင်ရန် ၂၀၂၀-၂၁ တွင် ပြုလုပ်သွားမည့် ဆောင်ရွက်ချက်များကို အကြောင်းကြားပေးသည်သာမက ရှေ့ဆက်၍ ကျင့်သုံးသွားမည့် ရွေးချက်ချက်များကိုလည်း အသိပေးသွားမည်ဖြစ်သည်။

**ကျွန်ုပ်၏ကလေးကို Magnet သင်တန်းတွင် ထားရှိပါက အခြေအနေ မည်သို့ရှိမည်နည်း။**

- သင်တန်းသို့ ဝင်ရောက်သင်ကြားနေသော သင်တန်းသားများထံမှ အချက်အလက် အပြည့်အစုံ ရရှိသည်အထိ ကျွန်ုပ်တို့အနေဖြင့် ဤသင်တန်း၏ ပြည့်စုံသောပုံစံကို ပြသနိုင်မည်ဟု မယူဆနိုင်ပါ။ လုံလောက်သော သင်တန်းသား အရေအတွက် သင်တန်းသား အချိုးအစားတခုမှ တက်ရောက်မည်ဆိုပါက ကျွန်ုပ်တို့အနေဖြင့် Montessori lens သို့မဟုတ် အပိုဝိဇ္ဇာသင်တန်း၊ STEAM သို့မဟုတ် ဘာသာစကားသင်တန်းများကို သင်တန်းပို့ချပေးနိုင်မည်ဟု ခန့်မှန်းသည်။ မည်သို့ဆိုစေ သင်တန်းသားနှင့် ဆရာအရေအတွက်အပေါ် မူတည်ပြီး လူကိုယ်တိုင်သင်ကြားပေးသော magnet သင်တန်းသို့ ပြန်လည်၍ ပါဝင်မည်ဖြစ်သည်။
- အဝေးရောက်သင်ကြားရေး တက္ကသိုလ်တွင် စာရင်းသွင်းခြင်းသည် သင့်အနေဖြင့် ဤတက္ကသိုလ်တွင် တက်ရောက်နေသည့် အချိန်အတောအတွင်း အချို့သော အတွေ့အကြုံများ ဆုံးရှုံးပေလိမ့်မည်။ မည်သို့ဆိုစေ Magnet ကျောင်းတွင် အပ်နှံထားသော သင့်ကလေး၏ မှတ်ပုံတင်ထားခြင်းသည် ဆက်လက်ရှိနေမည်ဖြစ်ပြီး နှစ်ဆုံးသို့ရောက်ချိန်တွင် သင်နှုတ်မထွက်ရသေးပါက သူတို့၏ Magnet စာရွက်စာတမ်းများကို ပြန်လည်ဖျက်သိမ်းလိုက်မည်ဖြစ်သည်။
- ၂၀၂၁-၂၂ စာသင်နှစ် သင်တန်းများ ဖွင့်လှစ်ချိန်တွင် သင့်အနေဖြင့် CMS စနစ်မှ ဝန်ဆောင်မှုပေးသော အခွင့်အရေးအားလုံးကို အခြားကျောင်းများမှ နည်းတူ အပြည့်အဝခံစားရမည်ဖြစ်သည်။
- ကျောင်းသားများအတွက် လေ့ကျင့်မှုနှင့် အတွေ့အကြုံများကို ထိန်းသိမ်းနိုင်ရန် တစ်ချို့သင်တန်းများ အထူးသဖြင့် အခြေခံဘာသာစကား သင်တန်းများ လိုအပ်ကြောင်း သိရှိရပါသည်။ Magnet သင်တန်းများနှင့် သင်တန်းကျောင်းရွေးချယ်မှုဆိုင်ရာ ဌာနနှင့်တကွ သင့်ကလေး၏ကျောင်းနှင့် ကျွန်ုပ်တို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။